# အမှတ်တရနေ့လေးတစ်နေ့

(၉.၇.၂၀၁၄ တွင် ရေးသားသည်)

ဒီနေ့ ကျွန်တော်အလွန်ပျော်နေသည်။

ဆယ်တန်းစာမေးပွဲပြီးကတည်းက ငါးလဆက်တိုက် တခါမှ မနက်စောစောမထခဲ့သည့်ကျွန်တော် ဒီနေ့မှာတော့ မနက် ၆ နာရီကတည်းက နိုးနေသည်။ အိမ်ရာထထခြင်း နာရီကို ကြည့်ပြီး အလွန်စိတ်ပျက်သွားရသည်။ နာရီလက်တံက ၆ နာရီကိုသာပြနေသေးသည်။ အနည်းဆုံး ၉ နာရီခန့်ရှိပြီဟု ယူဆနေချိန်တွင် မနက် ၆ နာရီသာ ရှိသေးသည်ကို တွေ့ရသဖြင့် စိတ်ထဲတွင် မချင့်မရဲလည်း ဖြစ်သွားရသည်။ ဘာကြောင့် အချိန်က အလွန်ကုန်ခဲရတာလဲဟုပင် ရေရွတ်မိသည်။ အတင်းပြန်အိပ်ရန်ကြိုးစားသော်လည်း စိတ်လှုပ်ရှားနေမှုက ကျွန်တော့်ကို ပြန်အိပ်ပျော်မသွားရန် တားဆီးနေသည်။ တစ်နာရီခန့် အိပ်ရာထဲဟိုလှိမ့်၊ ဒီလှိမ့် လုပ်ပြီးသည့်အခါတွင်တော့ ပြန်အိပ်ပျော်ရန် ကြိုးစားနေမှုကို လက်လျှော့လိုက်ပြီး အိပ်ရာမှထရန်ဆုံးဖြတ်လိုက်သည်။

ကျွန်တော်၏အကျင့်မှာ အိပ်ရာထထခြင်း မနက်စာကို စားလိုက်ရမှ ကျေနပ်သည်။ ဒီနေ့မှာတော့ မနက်စာစားရန် စိတ်ထဲတွင်ပင်မရှိဘဲ အချိန်မြန်မြန်ကုန်ရန်သာ မျှော်လင့်နေမိသည်။ တခါမှ မနက်စောစောမထဘူးသော သားဖြစ်သူ မနက်အစောကြီးအိမ်ရှေ့ခန်းတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်ကို တွေ့ရသဖြင့် အမေ့အတွက် အထူးအဆန်းဖြစ်နေရသည်။ သို့ရာတွင် ကျွန်တော်ဘာဖြစ်နေသည်ကို ရိပ်စားမိသော အမေက ပြုံး၍သာနေပြီး ဘာမှထူးထူးခြားခြား မမေးပေ။ မနက်စာမစားသေးဘူးလားဟုသာ မေးပြီး ကျွန်တော် ခေါင်းခါပြလိုက်သောအခါ ဈေးသို့ ထွက်သွားတော့သည်။

ထိုကဲ့သို့ ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်နှင့် အချိန်တစ်နာရီခန့် ထပ်ဖြုန်းပြီးသော အခါတွင်မှ မနက်စာကိုအဖြစ်လောက်သာ စားပြီး သတင်းစာကို ကောက်ကိုင်လိုက်သည်။ သတင်းစာကို လှန်ပြီး ကြည့်နေသော်လည်း စိတ်ကသတင်းစာထဲတွင် ရှိမနေပေ။ ထိုအချိန်တွင်မှ လွန်ခဲ့သည့် တစ်လခန့်က အဖြစ်အပျက်များက ခေါင်းထဲတွင် ရုပ်ရှင်ပြသကဲ့သို့ပြန်ပေါ်လာသည်။

လွန်ခဲ့သည့်တစ်လခန့်က ညတစ်ညတွင် ကျွန်တော်သည် သိမ်ဖြူလမ်းပေါ်ရှိ စိန်ဂျွန်းမှတ်တိုင်အနီး ကားတစ်စီးပေါ်တွင်ရှိနေသည်။ ကျွန်တော်နှင့်အတူ အခြားသူငယ်ချင်းများလည်း ရှိနေကြသည်။ ကျွန်တော်တို့အားလုံးတွင် တူညီသောရည်ရွယ်ချက်ဖြင့် ဤနေရာ၊ ဤအချိန်တွင် ရောက်နေကြခြင်းဖြစ်သည်။ စိတ်လှုပ်ရှားမှုကိုလည်း အားလုံး၏ မျက်နှာတွင်အထင်အရှား မြင်နေရသည်။ နောက်နေ့မိုးလင်းချိန်အထိ ဖွဲ့ရှိရှိနှင့် စောင့်နေကြမည်မှာလည်း အတူတူပင်ဖြစ်သည်။ ထိုနေရာတွင် အလင်းရောင်ကောင်းစွာမရှိဘဲ ခြင်လည်းအလွန်ကိုက်သည်။ ခြင်ရိုက်လိုက်၊ မှိန်းပြီးအိပ်ပျော်သွားလိုက်နှင့် ထိုတစ်ညကိုကုန်လွန်ခဲ့ရသည်။

နံနက် ၄ နာရီကျော်ခန့်တွင် ထိုနေရာတဝိုက်ရှိ လူများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ စာရွက်တွေ ကပ်နေပြီဟုလည်းပြောသံတွေထွက်လာသည်။ တချိန်တည်းမှာပင် လူများ၏ စိတ်မှာ ထိုနေရာဘေးရှိ ကျောင်းဝန်းကြီးထဲသို့ ဝင်သည့်အပေါက်ငယ်လေး တစ်ခုကိုသာ အာရုံစိုက်နေကြသည်။ ဘယ်အချိန်များ ဖွင့်လေမလဲဟု မျှော်လင့်နေကြသည်။

နံနက် ၄ နာရီခွဲကျော်တွင်တော့ ထိုတံခါးပေါက်လေးမှာ အားလုံးမျှော်လင့်ထားသည့်အတိုင်း ပွင့်သွားတော့သည်။ ပွင့်ပွင့်ချင်းထိုအပေါက်ထဲသို့ အားလုံးအတင်းတိုးဝင်ကြသည်။ ထိုအချိန်၌ အားလုံး၏စိတ်ထဲတွင် တူညီသောအရာ တစ်ခုထဲသာရှိသည်။ ၎င်းမှာ ဆယ်တန်းအောင်စာရင်းကပ်ထားသော နေရာသို့ အမြန်ရောက်ရန် ဖြစ်သည်။ ကျွန်တော်လည်း အများနည်းတူထိုနေရာသို့ တိုးဝင်သွားပြီး မိမိ၏ ခုံနံပါတ် ရှိနေသောစာရွက်ကို အမြန်လိုက်ရှာမိသည်။ ငါးမိနစ်ခန့်အကြာတွင် ထိုစာရွက်ကို

တွေ့၍ မိမိ၏ခုံနံပါတ်နှင့် အမည်ကို မြင်ရချိန်တွင် စိတ်လှုပ်ရှားမှုမှာ ဖော်မပြနိုင်အောင်ပင် ဖြစ်ရသည်။ ဂုဏ်ထူးရသည့်ဘာသာရပ်များ ရေးထားသည့်အခြမ်းကို ကြည့်ရန် အတော်ပင်အားယူရသည်။ ကိုယ်မှန်းထားသလောက်မှ ဖြစ်ပါ့မလားဟူသည့် အတွေးက ချက်ခြင်းဝင်လာသည်။ ထို့နောက် အားယူ၍ ကြည့်လိုက်သောအခါ တွေ့ရသည်က အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ (လူမှုရေး သိပ္ပံတွဲ) ဟူသည့် စာလုံးလေးလုံး ...။

လည်ပင်းထဲ တစ်နေသောအလုံးကြီး ကျသွားသလိုခံစားရပြီး ကြိုတင်စဉ်းစားထားခြင်းမရှိဘဲ "ဟေး" ဟု အော်လိုက်မိသည်။ ရုတ်ချည်းပေါ်လာသော အပျော်စိတ်က တား၍ပင်မရပေ။ အောင်စာရင်းစာရွက်ကို အထပ်ထပ်သေချာစေရန် ပြန်ကြည့်နေမိသည်။ စိတ်လှုပ်ရှားသဖြင့် ရင်ကလည်း တဒိတ်ဒိတ်နှင့် ခုန်နေသည်။

ကျွန်တော်သည် သတင်းစာကို ကိုင်ရင်းနှင့် ထိုလွန်ခဲ့သည့် တစ်လခန့်က အဖြစ်အပျက်ကြောင့် အလိုလိုနေရင်း ပျော်ရွှင်စိတ်လှုပ်ရှားမိသည်။ တဆက်တည်းမှာပင် ထိုဆယ်တန်းအောင်စာရင်းနှင့် ချိတ်ဆက်နေသည့် နောက်ကိစ္စတစ်ခုသို့ စိတ်က ရောက်သွားပြန်သည်။

ကျွန်တော်ဆယ်တန်းတက်ခါစအချိန်တွင် အဖိုးရှိရာ ပဲခူးမြို့သို့ သွားလည်ခဲ့သည်။ အဖိုးက ကျွန်တော့်ကို စာကြိုးစားရန်ဆုံးမခဲ့ပြီး ဆယ်တန်းကို ဂုဏ်ထူးများများနှင့် အောင်မြင်ပါက ကျွန်တော်လိုချင်တာ ဝယ်ပေးမည်ဟု ပြောသည်။ ကျွန်တော်ကလည်း တတ်နိုင်သလောက်ကြိုးစားမည်ဟု ကတိပေးခဲ့သည်။

ဆယ်တန်းအောင်စာရင်းထွက်သည့် နေ့မှာပင် အဖိုးထံမှ မည်သည့်အရာ တောင်းရမည်ကို ဆုံးဖြတ်ပြီးဖြစ်သည်။ ဒီနေ့ကျွန်တော် ပုံမှန်ထက် ထူး၍ စိတ်လှုပ်ရှားနေသည်မှာလည်း ထိုအရာကို ရတော့မည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

အတွေးကမ္ဘာထဲတွင် ထိုကဲ့သို့ အတန်ကြာခရီးဆန့်ပြီးသည့် အခါတွင်မှ လက်ရှိကာလကို ပြန်လည်သတိပြုမိသည်။ ထိုအချိန်အထိ လက်ထဲတွင် သတင်းစာကို ကိုင်ထားဆဲ ဖြစ်သော်လည်း ပြီးအောင်ပင် လှန်မကြည့်ရသေးပေ။ နာရီကိုကြည့်လိုက်တော့ ၉ နာရီထိုးနေပြီ။ ထို့ကြောင့် သတင်းစာကို ချပြီး ရေချိုးရန် ရေချိုးခန်းသို့ သွားချိန်တွင် ညီအလတ်ကောင် မနက်စာစားနေသည်ကို တွေ့လိုက်ရသည်။ ရေချိုး အဝတ်အစားလဲပြီး ဘတ်စ်ကားစီးရန် သိမ်ကြီးဈေးမှတ်တိုင်သို့ ကျွန်တော့်ညီနှင့်အတူ ရောက်ချိန်တွင် အချိန်မှာ ၉ နာရီခွဲကျော်နေပြီ။ အမှတ် ၃၉ ဘတ်စ်ကားကို စီး၍ ကန်တော်လေး စာတိုက်မှတ်တိုင်တွင် ဆင်းလိုက်သည်။

ထိုအချိန်က မင်္ဂလာဈေးဟောင်းကို ဖျက်ပြီး အသစ်ဆောက်နေချိန်ဖြစ်သည်။ ဈေးဟောင်းမှ ဆိုင်ခန်းအချို့ (အထူးသဖြင့်လျှပ်စစ်ပစ္စည်းဆိုင်များ) ကို မြန်မာ့ဂုဏ်ရည်လမ်းပေါ်ရှိ ယာယီဆိုင်ခန်းများသို့ ပြောင်းရွှေ့ပေးထားသည်။ ကျွန်တော်တို့သွားနေသည်မှာ ထိုဆိုင်ခန်းများထဲမှ ဆိုင်တစ်ဆိုင်သို့ ဖြစ်သည်။ ယခင်က ယင်းဆိုင်သို့ တခေါက်ရောက်ဖူးသဖြင့်မည်သို့သွားရမည်ကို ထွေထွေထူးထူး စဉ်းစားနေရန် မလိုပေ။ ဆိုင်သို့ ရောက်သောအခါ ဆိုင်ရှင်မှ ပြုံးပြုံးပြီး ဘာလိုချင်သလဲဟု မေးသည်။

"ကျွန်တော် Playstation ဂိမ်းစက်တစ်လုံး ဝယ်ချင်ပါတယ်။"

နောက်တစ်နာရီခန့်အကြာတွင် ကျွန်တော်တို့၏ လက်ထဲ၌ Playstation ဂိမ်းစက်တစ်လုံးနှင့် Twisted Metal 2 ဂိမ်းခွေတို့ ရောက်နေပြီဖြစ်သည်။

မော်တော်ယာဉ်တစ်စီးကို ကျပ် ၄ - ၅ သိန်းဝန်းကျင်သာ ရှိသေးသည့် အချိန်တွင် ထိုဂိမ်းစက်မှာ ကျပ် ၇ သောင်းခန့် ကျသင့်သည်။ ကျွန်တော့်ကို အလွန်ချစ်သောအဖိုးက ထိုပမာဏကို ဘာမှသိပ်မပြောဘဲ အလွယ်တကူပင် ထုတ်ပေးခဲ့သည်။

အိမ်သို့ ပြန်ရောက်ရောက်ချင်း ဂိမ်းစက်ကို တတ်ဆင်ပြီး ဆော့ရန်ကြိုးစားသောအခါ အမေ၏ ဆူပူကြိမ်းမောင်းခြင်းကို ခံရပြီး ထမင်း အရင်စားရန် အပြောခံရသည်။ ညီအကိုနှစ်ဦး ထမင်းအတူစားနေစဉ် ပြောဆိုသည့်အကြောင်းအရာမှာ ထိုဂိမ်းစက်နှင့် ဂိမ်းများ အကြောင်းပင်ဖြစ်သည်။ ထမင်းစားပြီးသည်နှင့် ဂိမ်းစက်ရှေ့တွင် အကျအနနေရာယူကာ ညီအကိုနှစ်ဦး ဂိမ်းကစားချင်းကို စတင်ပါတော့သည်။ ညီအငယ်ဆုံးကတော့ ဘေးမှ ပွဲကြည့်ပရိသတ်အဖြစ် အားပေးပါသည်။

ငါးနာရီခန့်အကြာ၊ အမေ၏ မျက်စောင်းထိုးခြင်းကို အကြိမ်ကြိမ်ခံရပြီးသည့် အချိန်တွင်တော့ ထိုနေ့အတွက် ဂိမ်းကစားခြင်းကို ရပ်နားလိုက်ပါသည်။ မနက်ပိုင်းတွင် အချိန်ကုန်ခဲလှပြီး ညနေပိုင်းတွင် အချိန်အကုန်မြန်လှသည်ဟုပင် စဉ်းစားမိသေးသည်။ ထိုနေ့က ညအိပ်သည်အထိ ကျွန်တော်တို့ ညီအကိုများ ပြောသည့် အဓိကအရာမှာ ထိုနေ့က ဂိမ်းကစားခဲ့သည့် အကြောင်းအရာများနှင့် နောက်မည်သည့်ဂိမ်းများ ဝယ်၍ ကစားမည်ဆိုသည်တို့ပင် ဖြစ်သည်။

ကျွန်တော့်ဘဝ တသက်တာတွင် ၁၉၈၇ ခုနှစ်မှ စ၍ ဗီဒီယိုဂိမ်းကို စွဲစွဲမြဲမြဲ ကစားခဲ့ပြီး ယခုအထိလည်း ကစားနေဆဲဖြစ်သည်။ ဂိမ်းကစားခြင်းကြောင့် ပျော်ရွှင်မှု မရေမတွက်နိုင်အောင် ရခဲ့သော်လည်း ထိုနေ့ကကဲ့သို့ ပျော်ရွှင်မှုမျိုးကိုတော့ အနည်းငယ်သာ ရခဲ့ဖူးပါသည်။ ထို့အပြင် ထိုနေ့တွင် အခြားထူးခြားမှုတစ်ခု ရှိသေးသည်။ ယင်းမှာ ကျွန်တော့်ဘဝတွင် မိမိလုပ်အားဖြင့် ရသောငွေနှင့် ဝယ်သောဂိမ်းစက်ကို ပထမဦးဆုံး ကစားဖူးခြင်းပင်ဖြစ်သည်။ ထိုအချက်သည် ကျွန်တော့်အတွက် ကျောင်းစတက်သောနေ့၊ အလုပ်စဝင်သောနေ့ စသည်တို့ကဲ့သို့ ဘဝတွင် အမှတ်ထင်ထင် ဖြစ်ကျန်နေစေရန် အထောက်အကူပြုခဲ့သည်။ ဤအချက်များကြောင့် ထိုနေ့သည် ဘဝ၏ အမှတ်တရများထဲမှ တစ်ခုအနေဖြင့် ရှိနေခြင်း ဖြစ်သကဲ့သို့ ယင်းသည် ဗီဒီယိုဂိမ်းက ကျွန်တော့်ဘဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အဘယ်ကြောင့် ရှိနေရသနည်းဆိုသည့်အချက်ကိုလည်း ထင်ဟပ်ပြနေခြင်း ဖြစ်ပါသည်။

(မှတ်ချက် - ၁၉၉၇ ခုနှစ် ဩဂုတ်လအတွင်းမှ နေ့တစ်နေ့ကို ပြန်လည်ခံစားရေးဖွဲ့ပါသည်။)

athzem